# Monde Selection က စစ်တပ်ပိုင် မြန်မာဘီယာနှင့် ဒဂုံဘီယာတို့ကို ပေးအပ်ချီးမြှင့်ထားသည့် အရည်အသွေးဆုများကို ပြန်လည်ရုပ်သိမ်း

**Info Birmanie နှင့် Justice For Myanmar တို့က ယင်းလုပ်ဆောင်ချက်ကို ကြိုဆိုလိုက်ပြီး၊ ဒဏ်ခတ်ပိတ်ဆို့မှုများ တိုးချဲ့ရန်နှင့် တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်ရန် အီးယူအဖွဲ့ဝင်နိုင်ငံများအား တောင်းဆို**

လူသုံးကုန်ပစ္စည်းများ၏ အရည်အသွေးကို ဆန်းစစ်အကဲဖြတ်သည့် ဘယ်လ်ဂျီယံကုမ္ပဏီ Monde Selection က မြန်မာစစ်တပ်ပိုင် ဘီယာ၊ အဖျော်ယမကာနှင့် အချိုရည် အမှတ်တံဆိပ်များကို ပေးအပ်ချီးမြှင့်ထားသည့် ဆုများကို ပြန်လည်ရုပ်သိမ်းရန်နှင့် ယင်းအမှတ်တံဆိပ်များအား ၎င်း၏ဝက်ဘ်ဆိုက်မှ ဖယ်ရှားရန် ဆုံးဖြတ်ခဲ့မှုအပေါ် Info Birmanie နှင့် Justice For Myanmar တို့က ကြိုဆိုလိုက်သည်။

ပါရီမြို့ရှိ ပြင်သစ်နိုင်ငံ၏ ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးချုပ် Quai d'Orsay ၌ ကျင်းပခဲ့သော Monde Selection ၏ ၂၀၂၆ ခုနှစ် ဆုပေးပွဲအခမ်းအနားတွင် ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် (Dagon Beverages Company Limited) က ဆုအများအပြား ချီးမြှင့်ခံရပြီးနောက် ယခုဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လတွင် Info Birmanie နှင့် Justice For Myanmar တို့က ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းပြချက်များဖြင့် အဆိုပါဆုများကို ပြန်လည်ရုပ်သိမ်းရန် Monde Selection ထံ စာရေးသားပေးပို့ တောင်းဆိုခဲ့ကြသည်။

စစ်တပ်ပိုင် Dagon Beverages နှင့် Myanmar Brewery တို့အား ချီးမြှင့်ထားသည့် ဆုများနှင့် အသိအမှတ်ပြုမှုများကို ပြန်လည်ရုပ်သိမ်းပြီး ၎င်းတို့၏ ဖောက်သည်စာရင်းမှ ဖယ်ရှားခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကုမ္ပဏီများနှင့် ပတ်သက်သည့် ရည်ညွှန်းဖော်ပြချက်အားလုံးကိုလည်း ၎င်းတို့၏ ဝက်ဘ်ဆိုက်မှ ဖယ်ရှားထားပြီးဖြစ်ကြောင်း Monde Selection ၏ ကိုယ်စားလှယ်တစ်ဦးက အတည်ပြုခဲ့သည်။

Dagon Lager Beer၊ Dagon Extra Strong၊ Dagon Royal Rum၊ Dagon Malta Fresh နှင့် Dagon Fresh Lemon Sparkling အစရှိသည့် အမှတ်တံဆိပ်များကို ထုတ်လုပ်သည့် Dagon Beverages သည် စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းစုကြီးဖြစ်သည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) ၏ ရာနှုန်းပြည့်ပိုင် လက်အောက်ခံကုမ္ပဏီဖြစ်သည်။

Myanmar Beer၊ Black Shield နှင့် Andaman Gold အစရှိသည့် အမှတ်တံဆိပ်များကို ထုတ်လုပ်သည့် Myanmar Brewery သည် Monde Selection ထံမှ နောက်ဆုံးအကြိမ် ဆုများကို ၂၀၂၃ ခုနှစ်တွင် လက်ခံရရှိခဲ့သည်။ Myanmar Brewery သည်လည်း စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းစုကြီးဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) ၏ ရာနှုန်းပြည့်ပိုင် လက်အောက်ခံကုမ္ပဏီ ဖြစ်သည်။

MEC နှင့် MEHL တို့အား အီးယူ၊ ယူကေ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် သြစတြေးလျနိုင်ငံတို့က ဒဏ်ခတ်ပိတ်ဆို့ အရေးယူထားသည်။

Monde Selection သည် MEC၊ MEHL၊ Dagon Beverages နှင့် Myanmar Brewery တို့ထံ စာရေးသားပေးပို့၍ ၎င်းတို့အနေဖြင့် Monde Selection Quality Award လိုဂိုအား ဆက်လက်အသုံးပြုခွင့်မရှိတော့ကြောင်း အသိပေးခဲ့သည်။

အဆိုပါ အဖျော်ယမကာကုမ္ပဏီများမှ ထုတ်ကုန်များသည် စစ်တပ်ထံ ဘဏ္ဍာငွေစီးဆင်းမှု ဖြတ်တောက်ရန် လုပ်ဆောင်သည့် ကြီးမားသော သပိတ်မှောက်လှုပ်ရှားမှု၏ ပစ်မှတ်တစ်ခုဖြစ်ခဲ့သည်။ အဆိုပါ သပိတ်မှောက်လှုပ်ရှားမှုသည် အစုလိုက်အပြုံလိုက် မတရားဖမ်းဆီးမှုများ၊ သတ်ဖြတ်မှုများနှင့် နှိပ်စက်ညှဉ်းပန်းမှုများကို ကျူးလွန်နေသည့် တရားမဝင်စစ်အုပ်စုအား ဆန့်ကျင်တော်လှန်ရာတွင် အစွမ်းထက်သော ခုခံတော်လှန်ရေး နည်းလမ်းတစ်ရပ် ဖြစ်လာခဲ့သည်။

စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းစုကြီးနှစ်ခုမှတစ်ဆင့် ရရှိလာသည့် ဘဏ္ဍာငွေများသည် စစ်တပ်နှင့် ၎င်းတို့စစ်ဗိုလ်ချုပ်များအတွက် တိုက်ရိုက်ဝင်ငွေရင်းမြစ်တစ်ခုဖြစ်သလို၊ နိုင်ငံတကာရာဇဝတ်မှုများကို ပြစ်ဒဏ်ကင်းလွတ်စွာဖြင့် ဆက်လက်ကျူးလွန်နိုင်ရန် အတွက်လည်း ဝင်ငွေထောက်ပံ့ပေးလျက်ရှိသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းစုများသည် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုကြီးများ ကျူးလွန်နိုင်စွမ်းအတွက် အရေးပါကြောင်းကို Dagon Beverages နှင့် Myanmar Brewery တို့၏ အမည်များ ပါဝင်သည့် ၂၀၁၉ ခုနှစ် ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင် (UN IIFFM) ၏ အစီရင်ခံစာ အပါအဝင် အစီရင်ခံစာတော်တော်များများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားပြီးဖြစ်သည်။

Monde Selection က အဆိုပါကုမ္ပဏီများသည် စစ်တပ်နှင့် ဆက်နွှယ်နေသည်ကို သိရှိထားခြင်းမရှိခဲ့ကြောင်းနှင့် လျင်မြန်စွာ အရေးယူဆောင်ရွက်ခဲ့ကြောင်း ထုတ်ပြန်ထားသော်လည်း၊ ၎င်းတို့အနေဖြင့် Dagon Beverages၊ Myanmar Brewery တို့နှင့် နှစ်ရှည်လများ ဆက်ဆံရေးရှိခဲ့ခြင်းသည် အီးယူ၏ ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်ရာရောက်နိုင်ပြီး၊ တင်ကြိုစိစစ်မှုနှင့် ကုမ္ပဏီ၏ တာဝန်ယူမှုကင်းမဲ့နေခြင်းကို ပြသနေသည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် Dagon Beverages နှင့် Myanmar Brewery တို့က Monde Selection ထံ အခကြေးငွေများ ပေးချေခဲ့ပြီး၊ အပြန်အလှန်အားဖြင့် ဈေးကွက်မြှင့်တင်ရေးတွင် အသုံးပြုနိုင်သည့် ဆုများအသွင်ဖြင့် ဝန်ဆောင်မှုများ ပြန်လည်ရရှိခဲ့သည်။

အီးယူ၏ ပိတ်ဆို့အရေးယူမှုခံထားရသော စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းစုကြီးနှစ်ခု၏ လက်အောက်ခံကုမ္ပဏီများအား Monde Selection က ဆုများချီးမြှင့်ခဲ့ခြင်းသည် ပြင်သစ်နှင့် ဘယ်လ်ဂျီယံတို့၏ ဒဏ်ခတ်ပိတ်ဆို့မှုများ အကောင်အထည်ဖော်မှုအပေါ် မေးခွန်းထုတ်စရာဖြစ်စေသည့်အပြင်၊ ဒဏ်ခတ်ပိတ်ဆို့ခံ မြန်မာစစ်တပ်ပိုင်ကုမ္ပဏီများ၏ ငွေပေးချေမှုများတွင် အီးယူဘဏ်များ ပါဝင်ပတ်သက်နေမှုအပေါ်တွင်လည်း မေးခွန်းထုတ်စရာ ဖြစ်လာစေသည်။

၂၀၂၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ သွားရောက်ရန်နှင့် MEC အတွက် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးအကျိုးစီးပွားများကို လုပ်ဆောင်ရန်တို့အတွက် Dagon Beverages မှ ကိုယ်စားလှယ်များ Schengen ဗီဇာများ ရရှိခဲ့ဖွယ်ရှိသည်မှာလည်း အထူးစိုးရိမ်ဖွယ်ရာဖြစ်သည်။ ထို့အပြင် ပြင်သစ်နိုင်ငံသို့ သွားရောက်နိုင်ရန်အတွက် Dagon Beverages မှ မြန်မာ “ဘီယာထုတ်လုပ်သူများ” အသုံးပြုခဲ့သော ဘဏ္ဍာငွေရင်းမြစ်များကို သေချာစွာ စိစစ်သင့်သလို၊ ဗီဇာများ စိစစ်အတည်ပြုခြင်းနှင့် ရယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ တရားဝင်အဆောက်အအုံများအတွင်းသို့ ဝင်ရောက်ခွင့် ရရှိခဲ့မှုအပေါ်တွင်လည်း စိစစ်လေ့လာသင့်သည်။

ဘယ်လ်ဂျီယံနှင့် ပြင်သစ်အာဏာပိုင်များအနေဖြင့် အီးယူဘဏ်များမှတစ်ဆင့် ပြုလုပ်ခဲ့သည့် ငွေပေးချေမှုများ အပါအဝင် MEC နှင့် MEHL လက်အောက်ခံကုမ္ပဏီများက Monde Selection ထံလို့ ပေးချေခဲ့သည့် ငွေပေးချေမှုများ၊ MEC နှင့် MEHL လက်အောက်ခံကုမ္ပဏီများသို့ ဝန်ဆောင်မှုပေးအပ်ခဲ့မှုများ၊ အဆိုပါကုမ္ပဏီများ၏ ကိုယ်စားလှယ်များအား ဗီဇာထုတ်ပေးခဲ့မှုများ၊ ယင်းခရီးစဉ်အတွက် အသုံးပြုခဲ့သည့် ဘဏ္ဍာငွေရင်းမြစ်နှင့် ဆုပေးပွဲအတွက် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံကို အသုံးပြုခဲ့မှုတို့နှင့် စပ်လျဉ်း၍ အီးယူဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်မှုများ ရှိမရှိ စုံစမ်းစစ်ဆေးရန် Info Birmanie နှင့် Justice For Myanmar တို့က တောင်းဆိုသည်။

အီးယူနှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများကို တင်းကျပ်ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် စစ်အုပ်စု၏ ဘဏ္ဍာငွေ၊ စစ်လက်နက်နှင့် လေယာဉ်ဆီ ရင်းမြစ်အားလုံး အကျုံးဝင်ပါဝင်လာနိုင်စေရန်အတွက် ဒဏ်ခတ်ပိတ်ဆို့မှုများကို တိုးချဲ့ချမှတ်ရန် Info Birmanie နှင့် Justice For Myanmar တို့က တောင်းဆိုသည်။

**Info Birmanie ၏ ညှိနှိုင်းရေးမှူးဖြစ်သူ Johanna Chardonnieras က** “ဒီဖြစ်ရပ်က ငြိမ်းချမ်းတဲ့ကာလမှာရော စစ်ပွဲကာလမှာပါ လက်တွေ့ကမ္ဘာ့စီးပွားရေးအသိုက်အမြုံကြီးဟာ ဘယ်လောက်အထိ အပြန်အလှန် ချိတ်ဆက်နေတယ်ဆိုတာကို

ကုမ္ပဏီတိုင်းအတွက် သတိပေးချက်တစ်ရပ် ဖြစ်သင့်ပါတယ်။ မြန်မာနိုင်ငံနဲ့ အခြားနိုင်ငံတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ပံ့ပိုးကူညီမိတာမျိုး မဖြစ်စေဖို့အတွက် ကောင်းမွန်သင့်လျော်တဲ့ တင်ကြိုစိစစ်ရေးလုပ်ငန်းစဉ်တစ်ရပ်က အခုအချိန်မှာ မရှိမဖြစ် လိုအပ်ချက်တစ်ခု ဖြစ်လာပါပြီ။

ဒဏ်ခတ်ပိတ်ဆို့မှုတွေနဲ့ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာတွေကို အသိအမှတ်ပြုပြီး၊ လျင်မြန်စွာ တုံ့ပြန်တဲ့ ကုမ္ပဏီတစ်ခု ရှိတာက ကောင်းပါတယ်။ ဒါပေမယ့် တကယ့်မေးခွန်းကတော့ အီးယူရဲ့ ပိတ်ဆို့အရေးယူမှုခံထားရတဲ့ စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုက ပိုင်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုဟာ ဥရောပမှာ ငွေပေးချေမှုတွေကို အန္တရာယ်သတိပေးချက် တစ်စုံတစ်ရာ မပေါ်ပေါက်ဘဲ ဘယ်လိုလုပ်ဆောင်နိုင်ခဲ့တာလဲ ဆိုတာပါ။

အကြမ်းဖက်မှုတွေကြားကပဲ မြန်မာပြည်သူသန်းပေါင်းများစွာဟာ ခုခံတော်လှန်ဖို့ ဆုံးဖြတ်ခဲ့ကြပြီး သပိတ်မှောက်မှုတွေက တစ်ဆင့် စစ်တပ်ရဲ့အရင်းအမြစ်တွေကို စုပေါင်းပစ်မှတ်ထား ဖြတ်တောက်နေကြပါတယ်။ ဘရပ်ဆဲလ်မြို့မှာ သက်တောင့်သက်သာ နေထိုင်နေကြတဲ့ ဥရောပခေါင်းဆောင်တွေအနေနဲ့ သူတို့ရဲ့ မူဝါဒအခြေခံ ရပ်တည်ချက်တွေနဲ့အညီ လုပ်ဆောင်ပြီး စစ်အုပ်စုအပေါ် ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုတွေကို ဆက်လက်ချမှတ်သင့်ပါတယ်” ဟု ပြောကြားခဲ့သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “ဒဂုံဘီယာနဲ့ မြန်မာဘီယာတွေက မြန်မာပြည်သူတွေကို နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖက်လူသတ် စစ်အုပ်စုအတွက် ဘဏ္ဍာငွေ ပံ့ပိုးပေးနေပါတယ်။

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုတွေကို ငွေကြေးပံ့ပိုးပေးနေတဲ့ စီးပွားရေးလုပ်ငန်းစုကြီးတွေရဲ့ ကိုယ်စားလှယ်တွေဟာ အီးယူအတွင်း ငွေပေးချေမှုတွေ ပြုလုပ်နိုင်ခဲ့ပြီး၊ သူတို့ရဲ့ မသမာစီးပွားရေးလုပ်ငန်းတွေကို ဈေးကွက်မြှင့်တင်နိုင်ခဲ့တာဟာ အလွန်စိုးရိမ်ဖွယ်ရာ ဖြစ်ပါတယ်။

ပြင်သစ်နဲ့ ဘယ်လ်ဂျီယံတို့အနေနဲ့ အီးယူ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ချိုးဖောက်မှုအားလုံးအတွက် တာဝန်ခံမှုရှိစေရေး အခုချက်ချင်း အရေးယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် အကြီးအကျယ် ဒဏ်ခတ်ပိတ်ဆို့ခံထားရတဲ့ မြန်မာစစ်အုပ်စုနဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းစုကြီးတွေကို အီးယူအတွင်းမှာဖြစ်စေ အီးယူကုမ္ပဏီတွေနဲ့ဖြစ်စေ နောက်ထပ် စီးပွားရေးလုပ်ငန်းတွေ မလုပ်နိုင်အောင် တားဆီးရမှာ ဖြစ်ပါတယ်။

မြန်မာပြည်သူတွေဟာ တရားမဝင် စစ်အုပ်စုကို ငါးနှစ်ကျော်ကြာ ရဲရဲဝံ့ဝံ့ ခုခံတော်လှန်ခဲ့ကြပါတယ်။ အီးယူအနေနဲ့ မြန်မာပြည်သူတွေနဲ့အတူ ရပ်တည်ကြောင်း ပြသဖို့အတွက် အရေးယူဆောင်ရွက်ရမယ့်အချိန် ရောက်ရှိနေပါပြီ။ စစ်အုပ်စုရဲ့ အကြမ်းဖက်စစ်ဆင်ရေး ဆက်လက်ဆင်နွှဲနိုင်စွမ်းကို ပိတ်ပင်တားမြစ်နိုင်ဖို့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို တိုးချဲ့ချမှတ်ပြီး၊ အပြည့်အဝ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။